**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်းမြန်မာ့နိုင်ငံရေးသတင်းအကျဉ်းချုပ် [၁၁၀/ ၂၀၁၂]

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆) ရက်နေ့မှ ၂၀၁၂ ခုနှစ် မတ်လ (၀၃) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးဖုန်းဇော်ဟန်ကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီးအဖြစ် ပြောင်းလဲခန့်အပ်လိုက်ကြောင်း၊ ယခင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဦးအောင်မောင်းကို မြို့တော်ဝန်အဖြစ် လဲလှယ်ခန့်အပ်လိုက်ကြောင်း ဖေဖေါ်ဝါရီ ၂၈ ရက်နေ့ထုတ် အစိုးရသတင်းစာတွင် ထုတ်ပြန်လိုက်သည်။ (DVB 280212) Read More…
- မြန်မာတပ်မတော်က မြန်မာနိုင်ငံမှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအပေါ်တွင် အပြည့်အဝထောက်ခံမှုရှိကြောင်း သမ္မတ ဦးသိန်းစိန်၏ နိုင်ငံရေးအကြံပေး ဦးကိုကိုလှိုင်က ထိုင်းနိုင်ငံထုတ် နေရှင်းသတင်းစာအယ်ဒီတာချုပ်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။ (DVB 010312) Read More…
- အပြောင်းအလဲများ ပိုအားကောင်းလာစေရန် မိမိတို့ အစိုးရမှ ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့ထဲတွင် ဂိုဏ်းဂဏ ကွဲပြားနေသည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း သမ္မတ ဦးသိန်းစိန်က အစိုးရသက်တမ်းတစ်နှစ်ပြည့်သည့် မတ် ၁ ရက်နေ့တွင် ပြောပြောကြားလိုက်သည်။ (RFA 010312) Read More…, VOA…, DVB…, KIC…

## ကြံ့ဖွံ့ပါတီ

- ကြံ့ဖွံ့ပါတီ USDP မှ ရပ်ကွက်နေပြည်သူများအား ၂၀၁၀ ရွေးကောက်ပွဲအပြီးမှ စတင်၍ အတိုးနှုန်း ၂ ကျပ်နှုန်းဖြင့် တစ်ဦးလျှင် ကျပ်ငွေ သုံးသောင်း (၃,၀၀၀) ခန့် ငွေချေးပေးနေခြင်းသည် ပြည်သူများ၏ အခက်အခဲများပြေလည်စေရန် ရည်ရွယ်သည့်ပါတီစည်းရုံးရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပါတီကော်မတီဝင်ဦးတင်ဝင်းကပြောသည်။ (Myit Makha 270212) Read More…
- မဲဆွယ်စည်းရုံးနေသည်ဟု အများမထင်မြင်စေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) မှ လုပ်ကိုင်နေသော လမ်းခင်းခြင်း၊ လျှပ်စစ်မီးသွယ်တန်းပေးခြင်းအပါအဝင် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြားဖြတ်ရွေးကောက်ပွဲကျင်းပ မည့်မဲဆန္ဒနယ်များတွင် ယာယီရပ်နားလိုက်ကြောင်း ရန်ကုန်တိုင်း ကြံ့ဖွံ့ပါတီတာဝန်ရှိသူတစ်ဦးကပြောသည်။ (Irrawaddy 290212) Read More…
- ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ USDP အတွက် ဒေသခံလူထုအား မဲဆွယ်စည်းရုံးပေးသည့် မန့်ပန်ဌာနေ ပြည်သူ့စစ် ခေါင်းဆောင် ဗိုလ်မွန်းက ခြိမ်းခြောက်စည်းရုံးနေသဖြင့် ခြိမ်းခြောက်စည်းရုံးမှုများမပြုလုပ်စေရန် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ထံသို့ စာတင်ဖို့ရန် ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP က စီစဉ်နေကြောင်း SNDP လွှတ်တော်အမတ်က ပြောသည်။ (S.H.A.N 290212) Read More…
- လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် နိုင်ငံတကာရွေးကောက်ပွဲဆိုင်ရာ စောင့်ကြည့်လေ့လာသူများကို လက်ခံသင့်ကြောင်း အခြား နိုင်ငံရေးပါတီများအပါအဝင် ကြံ့ဖွံ့ပါတီ USDP မှ ကော့မှူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလောင်း ဒေါက်တာစိုးမင်းက ပြောဆိုလိုက်သည်။ (Myit Makha 020312) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

### တပ်မတော်

### လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ဖေဖော်ဝါရီ ၂၄ ရက်နေ့က ကချင်ပြည်နယ် ဗန်းမော်မြို့ ခွန်သာရပ်ကွက်နေ အသက် ၃၇ နှစ်အရွယ် ကိုမင်းခန့်အား အရက်သေစာသောက်စားထားသည့် ခလရ ၂၃၇ မှ ဗိုလ်မှူးတစ်ဦးက ငွေတောင်းရာမပေးသဖြင့် ပစ္စတိုသေနတ်ဖြင့် ပစ်သတ်ခဲ့ပြီးနောက် ကျူးလွန်သူ အရာရှိ၏နေရာတွင် တပ်ကြပ်တစ်ဦးဖြင့် လူစားထိုးထားသည်ဟု သေဆုံးခဲ့သူနှင့်ဆိုင်ကယ်တစ်စီးတည်း အတူလိုက်ပါသူကပြောသည်။ (S.H.A.N 270212) Read More…

### အခြားနိုင်ငံရေးပါတီများ

- ရန်ကုန်မြို့ ရွှေဂုံတိုင်ရှိ ဒို့ရိုးရာ စားသောက်ဆိုင်တွင် ဖေဖော်ဝါရီ ၂၆ ရက်နေ့က ကျင်းပသော "ရခိုင်သယံဇာတ ရွှေသဘာဝဓာတ်ငွေ့ကို အသုံးပြု၍ ရခိုင်ပြည်နယ် တခုလုံး လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးအဖွဲ့၏ စာတမ်းဖတ်ပွဲ" တွင် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ RNDP အထွေထွေ အတွင်းရေးမှူး ဦးလှစောက ဖွဲ့စည်းပုံအခြေခံဥပဒေကို မပြင်ဆင်လျှင် ဒီမိုကရေစီနိုင်ငံဖြစ်ပေါ်ရေး အလှမ်းဝေးနေဦးမည်ဟု ပြောဆိုလိုက်သည်။ (Irrawaddy 260212) Read More…
- ၂၀၁၂ ခုနှစ်၊ ဖေဖေါ်ဂါရီလ ၁၁ ရက်နေ့မှ စတင်ကျင်းပသည့် ပထမအကြိမ် ချင်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ချင်းအမျိုးသားပါတီမှ ပြည်နယ်ကိုယ်စားလှယ်တစ်ဦး တင်သွင်းသည့်အဆိုသုံးခုနှင့် မေးခွန်း ၁၂ ခုအနက် ၅ ခု ပယ်ချခံရကြောင်း ထန်တလန်မြို့မှ စီအဲန်ပီပါတီလူကြီးတစ်ဦးကပြောသည်။ (Khonumthung 270212) Read More…
- ရန်ကုန်တိုင်း ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ (၉၄) ရပ်ကွက်၊ ပိတောက်လမ်း၊ ဘောလုံးကွင်းအနီးတွင် မတ် ၂ ရက်နေ့ကပြုလုပ်သော တောင်သူလယ်သမားနေ့တွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည)မှ ပထမဆုံးအကြိမ်အဖြစ် မဲဆွယ်စည်းရုံးခဲ့ကြောင်း ယင်းမြို့နယ်မှ ဝင်အရွေးခံမည့် တစည ပါတီကိုယ်စားလှယ်လောင်း ဦးဂင်းမြင့်ကပြောသည်။ (Myit Makha 020312) Read More…
- တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်း ဦးကောင်းမြင့်ထွဋ် တည်ထောင်သည့် မြန်မာအမျိုးသားကွန်ဂရက်ပါတီက လာမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် မဲဆန္ဒနယ်သုံးနေရာဖြစ်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံဆိပ်ကမ်းမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် အသီးသီးဝင်ရောက်ယှဉ် ပြိုင်ကြမည်ဖြစ်ကြောင်း ပါတီ ဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်ကပြောသည်။ (Myanmar Times Vol.28, No.559 02-080312) Read More…
- ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ဖေဖေါ်ဂါရီ ၂၈ ရက်နေ့တွင် မြိုတိုင်းရင်းသားပါတီအား ကြေညာချက်အမှတ် (၁၃/၂၀၁၂) ဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုကြောင်း ကျေညာခဲ့သောကြောင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီက ကြိုဆိုကြောင်း ပါတီအထွေထွေအတွင်းရေးမှူး ဦးဦးလှစောကပြောသည်။ (Narinjara 030312) Read More…

### လွှတ်တော်

### ပြည်သူ့လွှတ်တော်

- ဖေဖေါ်ဝါရီ ၂၇ ရက်နေ့တွင် ပြန်လည်ကျင်းပရန်ရှိသည့် ပြည်ထောင်စု လွှတ်တော်ကို တရုတ်နိုင်ငံခရီးစဉ်မှ ပြန်လည်ရောက်ရှိလာသည့် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရ ဦးရွှေမန်းကြောင့် ရုတ်တရက် ဆိုင်းငံ့လိုက်ပြီး ၎င်းနှင့် လွှတ်တော်ဥပဒေရေးရာကော်မတီတို့ ညှိနှိုင်းနေသည်ဟု အမျိုးသားလွှတ်တော်အမတ် ဒေါက်တာအေးမောင်ကပြောသည်။ (VOA 270212) Read More…
- ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ၎င်း၏ မိန့်ခွန်းကို မူရင်းအတိုင်း လူထုအားတင်ပြခွင့်မရဘဲ ပြန်ကြားရေးဝန်ကြီးဌာနက ဆင်ဆာဖြတ်ထားကြောင်း သတင်းထောက်များအား ပြောကြားလိုက်သည်။ (BBC 270212) Read More…
- အနောက်နိုင်ငံများမှ မြန်မာနိုင်ငံကို ချဉ်းကပ်မှုများရှိလာသော်လည်း တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကို အထိခိုက်ခံမည်မဟုတ်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက တရုတ်နိုင်ငံအမျိုးသားကွန်ဂရက် ဥက္ကဋ္ဌ မစ္စတာ ဝူဘန်ကိုနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု ဖေဖော်ဂါရီ ၂၇ ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖေါ်ပြထားသည်။ (Mizzima 270212) Read More…
- ဧည့်စာရင်း တိုင်ကြားခြင်းဥပဒေကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေတွင် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က ပြည်သူ့လွှတ်တော်၌ အတည်ပြုခဲ့ကြောင်း ဖေဖော်ဂါရီ ၂၅ ရက်နေ့ထုတ် မြန်မာအစိုးရသတင်းစာများတွင် ဖော်ပြထားသည်။ (IMNA 280212) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

ရွေးကောက်ပွဲကော်မရှင်

- ဒေါ်အောင်ဆန်းစုကြည်အား လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းမှု ကန့်ကွက်လွှာကို ရန်ကုန်တိုင်း ရွေးကောက်ပွဲကော်မရှင်မှ ဖေဖော်ဝါရီ ၂၈ ရက်နေ့က ပယ်ချလိုက်ပြီး တစ်ချိန်တည်းတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အသိအမှတ်ပြုလိုက်ပြီဖြစ်ကြောင်း တိုင်းရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုကပြောသည်။ (Mizzima 280212) Read More..., VOA..., RFA..., BBC...
- ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြိုတင်မဲနှင့်ပတ်သက်၍ ရှင်းလင်းတိကျသော ထုတ်ပြန်ချက်များမရှိသေးသဖြင့် ဧပြီ ၁ ရက်နေ့၌ ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ၂၀၁၀ ရွေးကောက်ပွဲကဲ့သို့ ကြိုတင်မဲများ ကောက်ခံအနိုင်ယူသည့်နည်းလမ်း အသုံးပြုမည့်အရိပ်အရောင်များ တွေ့မြင်နေရကြောင်း ရန်ကုန်တိုင်းလွှတ်တော် ကိုယ်စားလှယ်လောင်း ဒေါက်တာစောနိုင်က ပြောသည်။ (Irrawaddy 010312) Read More...

အတိုက်အခံအင်အားစုများ (ပြည်တွင်း)

(က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- နေပြည်တော်က ဇမ္ဗူသီရိနှင့် ပုဗ္ဗာသီရိ မြို့နယ်များအတွက် ဆိပ်နမ်ဒုန်းကျေးရွာတွင် ဖွင့်လှစ်ထားသည့် NLD ပါတီ ရုံးခန်းရှေ့ မြေစိုက်ဆိုင်းဘုတ်ကို အမည်မသိသူများက ဖေဖော်ဝါရီ ၂၅ ရက်နေ့ အာရုံတက်အချိန်၌ လာရောက်ဖျက်ဆီးခဲ့ကြောင်း ဇမ္ဗူသီရိမြို့နယ်မှ NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါ်စန္ဒာမင်းကပြောသည်။ (RFA 260212) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အားကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်မည့် ဒေါ်စုစုလွင်၏ ရန်ကုန်တိုင်း သုံးခွမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်တွင် မဲဆွယ်စည်းရုံးစဉ် မြန်မာနိုင်ငံပညာရေးစနစ်အဆင့် မြှင့်တင်ရေးအတွက် လွှတ်တော်အတွင်းသို့ ပညာရေးဆိုင်ရာကျွမ်းကျင်သူအများအပြားရောက်ရှိရန်လိုအပ်ကြောင်း NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကပြောကြားလိုက်သည်။ (Irrawaddy 270212) Read More...
- ရန်ကုန်တိုင်း ကော့မှူးမြို့နယ်မှ ဝင်ရောက်ရွေးချယ်ခံရန်အတွက် အမည်စာရင်းတင်ထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်ကွက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ မမှန်ကန်သည့်အတွက် ဖေဖေါ်ဝါရီ ၂၇ ရက်နေ့တွင် တစ်ချက်ချင်းအလိုက် ပြန်လည်ချေပခဲ့ကြောင်း အဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်ဦးဉာဏ်ဝင်းကပြောသည်။ (VOA 270212) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD သည် ယခုနှစ်ဆန်းပိုင်းမှစ၍ ပါတီဝင်လျှောက်လွှာ ပေါင်း ၅ သိန်းကျော် ရောင်းချထားသော်လည်း ပါတီဝင် လျှောက်လွှာ ၅ သောင်းခန့်သာ လက်ခံရရှိထားကြောင်းနှင့် နိုင်ငံတစ်ဝှမ်းရှိ အဖွဲ့ချုပ်ရုံးများအနေဖြင့် ပါတီဝင် လျှောက်လွှာများ မြန်မြန်ပြန်ပို့ကြရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးအုန်းကြိုင်ကပြောသည်။ (Mizzima 270212) Read More...
- နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဌာန ဝန်ထမ်းများအား ဖေဖော်ဝါရီ ၂၄ ရက်နေ့က သီးသန့်အစည်းအဝေးတစ်ရပ် ခေါ်ယူကာ ရုပ်မြင်သံကြားမှတစ်ဆင့် ပါတီမဲဆွယ်စည်းရုံးရေး ဟောပြောရန်အတွက် နေပြည်တော် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဌာနသို့ လာရောက်မည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ဝန်ထမ်းများအနေဖြင့် ကြိုဆိုနှုတ်ဆက်ခြင်း မပြုလုပ်ရန် ဌာနညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က သတိပေးပြောဆိုထားကြောင်း အစည်းအဝေးတက်ရောက်ခဲ့သူ ရုပ်/သံ ဝန်ထမ်းတစ်ဦးက ပြောသည်။ (Mizzima 280212) Read More...
- EU ဥရောပသမဂ္ဂအနေဖြင့် မြန်မာနိုင်ငံအပေါ် အရေးယူဒဏ်ခတ်ထားမှုများကို ရုတ်သိမ်းရန်အတွက် လာမည့်ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲပြီးဆုံးသည်အထိစောင့်ကြည့်သင့်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က EU ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံအပြီး ပြုလုပ်သည့်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားလိုက်သည်။ (VOA 290212) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်၏ နေပြည်တော်မဲဆွယ်စည်းရုံးရေးခရီးတွင် လူထုစုဝေးရန် နေပြည်တော် ပုပ္ပသီရိမြို့နယ်အတွင်းရှိ လယ်ကွင်းတစ်ခုကို သုံးခွင့်ပြုရန် ကော်မရှင်ထံ အဆိုပြုထားမှုကို မြို့နယ်အုပ်ချုပ်ရေးမှူးရုံးက အသုံးပြုခွင့်မပေးကြောင်း ယင်းမဲဆန္ဒနယ်မှဝင်အရွေးခံမည့် အဖွဲ့ချုပ်ကိုယ်စားလှယ်လောင်း ကိုဇေယျာသော်ကပြောသည်။ (VOA 290212) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားလှယ်လောင်း ဦးဖြိုးမင်းသိန်းက ဖေဖော်ဝါရီ ၂၉ ရက်နေ့က မဲဆွယ်စည်းရုံးရေးခရီးစဉ်အတွင်း တပ်မတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်သည့် အမျိုးသားနိုင်ငံရေး ဦးဆောင်အခန်းကဏ္ဍတွင် ပါဝင်သင့်ကြောင်း ပြောဆိုလိုက်သည်။ (Irrawaddy 290212) Read More…
- အစိုးရထုတ်သတင်းစာများတွင် ငါးမင်းဆွေအမည်ဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်နှင့် အတိုက်အခံများအပေါ် ဂေဖန်ရေးဆောင်းပါးများ ရေးသားခဲ့သူ ဦးမင်းဆွေက ၎င်းစာများကို ရန်ကုန်တိုင်း သုံးခွမြို့နယ်ရှိ လူထုထံဖြန့်ဝေနေမှုနှင့်ပက်သက်၍ သက်ဆိုင်ရာအာဏာပိုင်များထံ အကြောင်းကြားထားကြောင်း NLD ပြောရေးဆိုခွင့်ရှိသူ ဦးညဏ်ဝင်းကပြောသည်။ (KIC 290212) Read More…
- စည်းရုံးရေးနှင့် မဲဆွယ်ရေးလုပ်ငန်းများတွင် ကန့်သတ်မှုများနှင့် နှောင့်ယှက်မှုများရှိနေသေးသဖြင့် ကြားဖြတ်ရွေးကောက်ပွဲ၏ တရားမျှတမှုစွာ ယှဉ်ပြိုင်မှုကို ထိခိုက်နိုင်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုအောင်နိုင်ရေး အတွင်းရေးမှူး ဦးညဏ်ဝင်းကပြောသည်။ (Mizzima 010312) Read More…
- ဖေဖော်ဝါရီ ၂၉ ရက်နေ့က ကနေဒါ ရုပ်သံလွှင့်ဌာန CBC မှ စီစဉ်သည့် Carleton University နှင့် တိုက်ရိုက်ဆွေးနွေးခန်းတစ်ခုတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာပြည် အခြေအနေအား အကောင်းမြင်လွန်းခြင်း၊ အဆိုးမြင်လွန်းခြင်း မပြုဘဲ ပကတိ အခြေအနေအတိုင်း မြင်တတ်ဖို့လိုကြောင်း ပြောကြားလိုက်သည်။ (Mizzima 010312) Read More…
- လမည့်ကြားဖြတ်ရွေးကောက်ပွဲတွင် စစ်ကိုင်းတိုင်း ကသာခရိုင်မှ ဝင်အရွေးခံမည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကိုယ်စားပြုစာရင်းသွင်းသူ ဦးစောလှိုင်ကို ရွေးကောက်ပွဲကော်မရှင်က ကိုယ်စားလှယ်အမည်စာရင်းမှ ပယ်ဖျက်လိုက်ပြီကြောင်း မတ် ၁ ရက်နေ့တွင် အကြောင်းပြန်ကြားခဲ့သည်။ (DVB 010312) Read More…
- မြန်မာနိုင်ငံတွင် စစ်မှန်သည့်ဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် တိုင်းရင်းသားများ၏ ပူးပေါင်းဆောင်ရွက်မှုအား လိုအပ်ကြောင်းနှင့် တပ်မသားများအနေဖြင့်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ကို မဲထည့်ကြရန် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ရှမ်းပြည်နယ် ခရီးစဉ်အတွင်း တိုက်တွန်းပြောဆိုလိုက်သည်။ (VOA 010312) Read More…, RFA…, DVB…
- ကချင်ပြည်နယ်က စစ်ဘေးသင့် တိုင်းရင်းသားများအတွက် ဒေါ်အောင်ဆန်းစုကြည်မှ လှူဒါန်းသည့် ကျပ်ငွေသိန်း ၁၀၀ ကို မန္တလေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD စည်းရုံးရေးခေါင်းဆောင် ဒေါ်ဝင်းမြမြနှင့်အဖွဲ့က ဒုက္ခသည်စခန်းများကို သွားရောက်ပေးအပ်ခဲ့ကြသည်။ (RFA 020312) Read More…
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဥက္ကဋ္ဌ က မတ်လ ၃ ရက်နေ့က မန္တလေးမြို့မဲဆွယ်စည်းရုံးပွဲတွင် ထောင်ပေါင်းများစွာသော လူထုအား တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီတည်ဆောက်ရေးအတွက် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။ (VOA 030312) Read More…, RFA…

## (ခ) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)

- ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် ALD သည် တရားဝင်နိုင်ငံရေးပါတီအဖြစ် ပြန်လည်ရပ်တည်ရန် ဖေဖော်ဝါရီ ၂၆ ရက်နေ့က နေပြည်တော်သို့ မှတ်ပုံပြန်လည်တင်သွင်းလိုက်ပြီဖြစ်ကြောင်း ပါတီခေါင်းဆောင် ဦးအေးသာအောင်ကပြောသည်။ (Narinjara 270212) Read More…
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ CRPP ကို လာမည့်ကြားဖြတ်ရွေးကောက်ပွဲအပြီးတွင် အမည်သစ်ဖြင့်ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်ရှိကြောင်း CRPP အတွင်းရေးမှူးလည်းဖြစ် ရခိုင်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူးလည်းဖြစ်သည့် ဦးအေးသာအောင်ကပြောသည်။ (RFA 020312) Read More…
- ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရန်နှင့် ချင်းပြည်နယ် ဖွံ့ဖြိုးရေးလုပ်ဆောင်ရန်အတွက် ဇိုမီးအမျိုး သားကွန်ဂရက် ZNC ကို ပြန်လည်မှတ်ပုံတင်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ၎င်းပါတီ ခေါင်းဆောင်ကြီး ပူးကျင့်ရှင်းထန်ကပြောသည်။ (Khonumthung 030312) Read More…

## (ဂ) အခြားတက်ကြွလှုပ်ရှားသူများ

- ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၂၆ ရက်နေ့က ရမည်းသင်းနှင့် မြင်းခြံတို့တွင် ခရီးလှည့်လည်နေကာ ပွင့်လင်းလွတ်လပ်သည့် လူ့အဖွဲ့အစည်း၏ အခြေခံသဘောတရားများကို လိုက်လံဆွေးနွေးဟောပြောခဲ့ကြောင်း ကျောင်းသားခေါင်းဆောင်ကိုဂျင်မီကပြောသည်။ (RFA 260212) Read More…

## NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန

- မန္တလေးမြို့သို့ ရောက်ရှိနေသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နှင့်အဖွဲ့အား ဈေးချိုတော်ရှိ ဈေးသူဈေးသားများက သောင်းသောင်းဖြဖြ ကြိုဆိုကြောင်းနှင့် ဈေးအကျိုးဆောင်အဖွဲ့၏ မေတ္တာရပ်ခံချက်အရ ဈေးသူဈေးသားများကို ကိုမင်းကိုနိုင်က စကားပြောဆိုခဲ့ကြောင်း ဒေသခံတစ်ဦးကပြောသည်။ (Irrawaddy 270212) Read More...
- မြန်မာနိုင်ငံတွင် ပြည်တွင်းစစ် ရပ်စဲနိုင်ရန် စစ်မှန်သည့်ငြိမ်းချမ်းရေးကို ရှေးရှုသည့်နိုင်ငံရေးညှိနှိုင်းဆွေးနွေးမှုများကို အမြန်ဆုံးဖော်ဆောင်သွားရန် ၈၈ မျိုးဆက် ကျောင်းသားများအဖွဲ့က အချက်လေးချက်ပါသည့် "မြစ်ကြီးနား ပွဲတင်သံ" ကြေညာချက်ကို ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ထုတ်ပြန်တောင်းဆိုလိုက်သည်။ (RFA 280212) Read More...
- ရန်ကုန်မြို့တွင် ကျင်းပနေသည့် ရွှေတိဂုံဘုရား တပေါင်းပွဲတော်တွင် ကျောင်းသားနှင့်လူငယ်အဖွဲ့ ဆယ်ဖွဲ့ခန့်စုပေါင်းကာ "အဖြူရောင်တွဲလက်များ"ဆိုသည့်အမည်ဖြင့် ကချင်ပြည်နယ်မှ စစ်ဘေးသင့်ပြည်သူများအတွက် ဈေးရောင်းပွဲကျင်းပနေသည်ဟု ဗကသများအဖွဲ့ချုပ် ဥက္ကဋ္ဌ ကိုကျော်ကိုကိုကပြောသည်။ (RFA 280212) Read More...
- ရန်ကုန် လှိုင်သာယာမီးခွက်ဈေး၊ တောင်ဥက္ကလာပမြို့နယ် နန္ဒဝန်ဈေးနှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် လူထုအကြားငါးထောင်တန်ဖုန်းကဒ် ရရှိရေးစာရွက်ဖြန့်ဝေသူ ၂၀ ဦးအား တောင်ဒဂုံမြို့နယ် အမှတ် ၇၀ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ထိန်းသိမ်းထားသည်ဟု ဦးဆောင်စီစဉ်သည့် ကုန်ဈေးနှုန်းကျဆင်းရေးအင်အားစုမှ ကိုထင်ကျော်ကပြောသည်။ (DVB 280212) Read More..., BBC...
- ရန်ကုန်မြို့ ငါးထပ်ကြီးဘုရား လိပ်ပြာကန်ကျောင်းတိုက်မှ စာချဆရာတော် နိုင်ငံရေးအကျဉ်းသားဟောင်း ဦးဃောသိတက ၄င်းအားကျောင်းတိုက်မှ ထွက်ခွာရန် သံဃာ့မဟာနာယကအဖွဲ့မှ အမိန့်ထုတ်ပြန်ထားသော်လည်း ထွက်ခွာခြင်းမရှိ ဆက်လက်သီးတင်းသုံးနေထိုင်မည်ဟု မိန့်ကြားလိုက်သည်။ (RFA 290212) Read More...
- လွန်ခဲ့သည့်သီတင်းပတ်က တောင်ပိုင်းခရိုင် ကျောင်းသားများသမဂ္ဂကို ဖွဲ့လိုက်ကြောင်း သတင်းများထွက်ပေါ်ပြီးနောက် ရန်ကုန်တိုင်းအရှေ့ပိုင်းတက္ကသိုလ် ပါမောက္ခချုပ်က ကျောင်းသားများနိုင်ငံရေးနှင့်ပတ်သက်ပါက ကျောင်းထုတ်ခံရမည်ဟု ဖေဖော်ဝါရီ ၂၈ ရက်နေ့က ခေါ်ယူပြောဆိုခဲ့ကြောင်း ဗကသ ဗဟိုစည်းရုံးရေးကော်မတီ တွဲဖက်အတွင်းရေးမှူး (၂) ကိုမင်းသွေးသစ်ကပြောသည်။ (RFA 290212) Read More...
- သမ္မတ ဦးသိန်းစိန်၏ အစိုးရသက်တမ်း ၁ နှစ်ပြည့် ပြည်ထောင်စုလွှတ်တော် မိန့်ခွန်းတွင် တရားဥပဒေစိုးမိုးရေးကို မရှိမဖြစ်လိုအပ်ကြောင်း တရားဝင် ပြောကြားချက်ကို ကြိုဆိုသော်လည်း (Rule of Law) တရားဥပဒေ စိုးမိုးရေးသည် စကားလုံးအဆင့်မှတဆင့် အသက်ဝင်လာရန် ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် ကိုကိုကြီးကသုံးသပ်ပြောဆိုလိုက်သည်။ (DVB 010312) Read More...
- နိုင်ငံတကာ ရွှေဂက်စ် လှုပ်ရှားမှုနေ့အနေဖြင့် မတ်လ ၁ ရက်နေ့၌ ရခိုင်ပြည်နယ်တွင် တည်ဆောက်နေသော ရွှေဂက်စ် စီမံကိန်းရပ်ဆိုင်းရေး လှုပ်ရှားမှုကို ရန်ကုန်မြို့ တိုင်းရင်းသားကျေးရွာ၌ ပြုလုပ်ရာ ဒေသဆိုင်ရာ အာဏာပိုင်များက ခေါ်ယူစစ်ဆေးမေးမြန်း၍ ခံဝန်ကတိ လက်မှတ်ထိုးခိုင်းကြောင်း မဗာမာကပြောသည်။ (Irrawaddy 010312) Read More...

### တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- လာမည့်မတ်လ ပထမအပတ်တွင် ကရင်နီ (ကယား) ပြည်နယ်မြို့တော် လွိုင်ကော်တွင် မြန်မာအစိုးရနှင့် အပစ်ရပ်ရေးအဆင့်တွေ့ဆုံဆွေးနွေးမည့် ကရင်နီအမျိုးသား တိုးတက်ရေးပါတီ KNPP ကို ကရင်နီလူထုများက ကြိုဆိုကြသည်ဟု လွိုင်ကော်မှ လူငယ်တစ်ဦးကပြောသည်။ (KIC 280212) Read More...
- အပစ်အခတ်ရပ်စဲနိုင်ခြင်းမရှိသော တိုင်းရင်းသားအဖွဲ့အစည်းများ မပါဝင်ဘဲ အစိုးရဘက်က နိုင်ငံရေးတွေ့ဆုံမှု ပြုလုပ်မည့်အစီအစဉ်သည် တိုင်းရင်းသားအချင်းချင်းဖွဲ့ထုတ်စည်းရုံးခြင်းသာဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး KNU ဒု-ဥက္ကဋ္ဌ ပဒိုဒေးဗစ်သာကဘောကပြောသည်။ (KIC 280212) Read More...
- ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP နှင့် မီးရထားဝန်ကြီး ဦးအောင်မင်းဦးဆောင်သည့် အစိုးရငြိမ်းချမ်းရေး ကိုယ်စားလှယ်အဖွဲ့တို့ လာမည့်မတ်လ ၇ ရက်နေ့တွင် ကယားပြည်နယ် လွိုင်ကော်မြို့၌ တွေ့ဆုံမည်ဟု KNPP ပါတီအတွင်းရေးမှူး (၁) ခူးဦးရယ်ကပြောသည်။ (DVB 290212) Read More...
- ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင်များအနေဖြင့် အစိုးရနှင့် အပစ်ခတ်ရပ်ရေး ကိစ္စတို့တွင်တစ်ဖွဲ့ချင်းဆီဆွေးနွေးခဲ့ကြသော်လည်း နိုင်ငံရေးအရဆွေးနွေးသည့်အခါ အားလုံးတညီတညွတ်တည်း ဆွေးနွေးသွားကြမည်ဟု UNFC တွဲဖက်အထွေထွေအတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ခွန်ဥက္ကာက ထုတ်ဖော်ပြောကြားလိုက်သည်။ (DVB 290212) Read More...

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- ကချင်လွတ်မြောက်ရေးအဖွဲ့ KIO နှင့် အစိုးရအကြား နိုင်ငံရေး တွေ့ဆုံဆွေးနွေးရေး ပဏာမ သဘောတူလက်မှတ်ရေးထိုးရန်အတွက် KIO နယ်မြေအတွင်း ဝင်ရောက်နေသော အစိုးရတပ်များကို ရုပ်သိမ်းပေးရန်လိုအပ်ကြောင်းKIO အထွေထွေအတွင်းရေးမှူး ဒေါက်တာ လဂျာကပြောကြားလိုက်သည်။ (Mizzima 290212) Read More…
- ယခင်ပိတ်ထားခဲ့သော ပြည်တွင်းရှိ မွန်ပြည်သစ်ပါတီ ဆက်ဆံရေးရုံးများအနက် မော်လမြိုင်ဆက်ဆံရေးရုံးကို ဖေဖော်ဝါရီလ ၂၆ ရက်နေ့က ပြန်လည်ဖွင့်လှစ်ခဲ့ရာ ၎င်းရုံးအား ဒု-ဗိုလ်မှူးကြီးဗညားချမ်းနွန် (နိုင်ဘခိုင်) က လက်ရှိယာယီတာဝန်ယူနေကြောင်း ဒု-ဗိုလ်မှူးကြီး ဗညားချမ်းနွန်ကပြောသည်။ (IMNA 290212) Read More…
- အဖမ်းဆီးခံ ကရင်အမျိုးသားအစည်းအရုံး KNU ဗဟိုကော်မတီဝင် ဖဒိုမန်းငြိမ်းမောင်၏ အမှုနှင့်ပတ်သက်၍ KNU နှင့် ငြိမ်းချမ်းရေး စကားပြောရန် အကြံညာဏ်လာတောင်းခဲ့သည်ဆိုသော နေပြည်တော်မှအရာရှိကြီးများသည် အင်းစိန်ထောင်တွင်း လာရောက်မှု မရှိကြောင်း အင်းစိန်ထောင်ပိုင်နစ်ဦးက မတ် ၁ ရက်နေ့ ရုံးချိန်တွင် ထွက်ဆိုခဲ့သည်ဟု ဖဒိုမန်းငြိမ်းမောင်၏ ရှေ့နေဦးကြီးမြင့်က ပြောသည်။ (RFA 010312) Read More…
- ကရင်အမျိုးသား အစည်းအရုံး KNU နှင့် မြန်မာအစိုးရ ကိုယ်စားလှယ်များ ဒုတိယအကြိမ်မြောက် ညှိနှိုင်းဆွေးနွေးပွဲကို မတ်လ (၂) ရက်နေ့က ထိုင်း-မြန်မာနယ်စပ် မဲဆောက်မြို့တွင်ပြုလုပ်ခဲ့ရာ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို အဓိကဆွေးနွေးခဲ့ကြောင်း၊ ကရင်ပြည် နယ်အတွင်း အစိုးရစစ်တပ်တိုးချဲ့မှုများကိုရပ်တန့်ရန် KNU ဘက်ကတောင်းဆိုခဲ့ကြောင်း KNU အထွေထွေအတွင်းရေးမှူး နော်စီဖိုးရာစိန်ကပြောသည်။ (RFA 030312) Read More…

## နိုင်ငံတကာ

### (က) ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရအဖွဲ့အစည်းများ

- မြန်မာနိုင်ငံရောက် အာဆီယံနိုင်ငံများဆိုင်ရာ ဆက်ဆံရေးကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌ ပါ အဖွဲ့ဝင် ၁၁ က အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် ဖေဖော်ဝါရီ ၂၈ ရက်နေ့ တွေ့ဆုံမှုတွင် စစ်တပ်၏ အခန်းကဏ္ဍနှင့် ပတ်သက်၍ မေးခွန်းထုတ်ခဲ့သည်ဟု အမျိုးသားလွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဒေါက်တာအေးမောင်ကပြောသည်။ (DVB 280212) Read More…
- အာဆီယံနိုင်ငံများဆိုင်ရာ ဥရောပပါလီမန် ဆက်ဆံရေးကိုယ်စားလှယ်အဖွဲ့က လာမည့်ကြားဖြတ်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့်ရွေးကောက်ပွဲဖြစ်စေရန် မြန်မာအစိုးရကိုတိုက်တွန်းသွားမည်ဟု မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်း စုကြည်နှင့် ဖေဖော်ဝါရီ ၂၉ ရက်နေ့က တွေ့ဆုံမှုတွင် ပြောဆိုလိုက်သည်။ (RFA 290212) Read More…
- ကုလသမဂ္ဂ UN အတွင်းရေးမှူးချုပ်ရုံးအဖွဲ့ အကြီးအကဲလည်းဖြစ် မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးတာဝန်လည်း ထမ်းဆောင်နေသည့် မစ္စတာ ဗီဂျေး နမ်ဘီးယား Vijay Nambiar ကို လာမည့်ဧပြီလ ၁ ရက်နေ့မှစတင်ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးတာဝန်တစ်ခုတည်းကိုသာ သီးသန့်ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်ကြောင်း မတ် ၂ ရက်နေ့တွင် ထုတ်ပြန်ကြေညာလိုက်သည်။ (VOA 020312) Read More…

### (ခ) အစိုးရ

- မြန်မာ့နိုင်ငံရေး အပြုသဘောဆောင် တိုးတက်ပြောင်းလဲမှုကို အသိအမှတ်ပြုသည့်အနေဖြင့် ဆော်ဒီရန်ပုံငွေထူထောင်ရေးအဖွဲ့က မြန်မာအစိုးရပိုင် ဆေးရုံ၊ ဆေးခန်းများတွင် ကျန်းမာရေးဂန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၂၀ ချေးငှားရန် သဘောတူလိုက်ကြောင်း ရန်ကုန်မြို့ရှိ ဆော်ဒီအာရေဗျ သံရုံးမှ သတင်းထုတ်ပြန်လိုက်သည်။ (Myanmar Times Vol.28, No.559 02-080312) Read More...

### (ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် တိုင်းရင်းသား ပြည်သူများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှု ရပ်စဲရေးနှင့် တစ်တိုင်းပြည်လုံး အတိုင်းအတာဆောင်သည့် အပစ်အခတ်ရပ်စဲရေးအတွက် နိုင်ငံတကာမှတစ်ဆင့် ဦးသိန်းစိန် အစိုးရအား တောင်းဆိုသွားမည်ဖြစ်ကြောင်း အာရှပစိဖိတ်ရေးရာ မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများအဖွဲ့တာဝန်ခံ ဒေါ်ခင်ဥမ္မာကပြောကြားလိုက်သည်။ (KT 270212) Read More…

**NDD- မှတ်တမ်းတင်နှင့်သုတေသနဌာန**

- မြန်မာနိုင်ငံမှ အပြောင်းအလဲများကို အကဲဖြတ်နိုင်ရန် လာမည့်ဧပြီ ၁ ရက်နေ့ ကြားဖြတ်ရွေးကောက်ပွဲကို နိုင်ငံတကာအသိုင်းအဝိုင်းမှ စောင့်ကြည့်နေသည်ဟု မြန်မာ့အရေး လေ့လာနေသူများက ဖေဖော်ဝါရီ ၂၈ ရက်နေ့က အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ မြို့တော် မြန်မာ့အရေးဆွေးနွေးပွဲတစ်ခုတွင် ပြောဆိုလိုက်ကြသည်။ (RFA 290212) Read More…
- မြန်မာနိုင်ငံအပေါ်ထားရှိသည့် ဒဏ်ခတ်အရေးယူမှုများကို မရုပ်သိမ်းခင် အဓမ္မအလုပ်ခိုင်းစေမှုများကို ရပ်ဆိုင်းရန် ဗြိတိန်နိုင်ငံမှ အလုပ်သမားသမဂ္ဂများ ကွန်ဂရက် TUC က ဗြိတိန် နိုင်ငံခြားရေးဝန်ကြီး William Hague ထံ တောင်းဆိုစာပေးပို့လိုက်သည်။ (VOA 020312) Read More…
- ဖိလစ်ပိုင် မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ် ADB က ဆယ်စုနှစ် ၂ ခုကျော်ခန့် ငွေကြေးအကူညီမပေးဘဲ ရပ်ဆိုင်းထားသည့် မြန်မာနိုင်ငံကို ဖွံ့ဖြိုးရေးစီမံကိန်းများတွင် တိုက်ရိုက်ငွေကြေး အကူအညီများပေးရန် ပြင်ဆင်နေသည်ဟု ADB အကြီးအကဲတစ်ဦးက ထုတ်ဖော်ပြောကြားလိုက်သည်။ (DVB 020312) Read More…

***End of report/ Saturday, March 03, 2012***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***